**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၂၄ / ၂၀၂၄**

**၁၃၈၅ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်**

**(၂၀၂၄ ခုနှစ်၊ဧပြီလ ၃၀ ရက်)**

## သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်တွင်းစားသုံးမှုဖူလုံစေပြီး ပြည်ပသို့ တင်ပို့နိုင်သည်အထိ ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန် ရည်ရွယ်၍ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ လိုက်နာဆောင်ရွက်ရန် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **သားသတ်ရုံ တည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည်လည်း ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဆိုသည်။

(ခ) **အကြီးစားသားသတ်ရုံ** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ထားသည့် လုပ်ငန်းအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ထားရှိပြီး တစ်ရက်လျှင် ကျွဲ၊ နွား ကောင်ရေ ၂၀၁ ကောင်နှင့်အထက်၊ သိုး၊ ဆိတ် သို့မဟုတ် ဝက်ကောင်ရေ ၄၀၁ ကောင်နှင့်အထက်

သို့မဟုတ် ကြက်၊ ဘဲ ကောင်ရေ ၅၀၀၁ ကောင်နှင့်အထက် သတ်ဖြတ်သည့် လုပ်ငန်း ဆောင်ရွက်သည့် အဆောက်အအုံ သို့မဟုတ် နေရာကို ဆိုသည်။

(ဂ) **အလတ်စားသားသတ်ရုံ** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ထားသည့် လုပ်ငန်း အင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ထားရှိပြီး တစ်ရက်လျှင် ကျွဲ၊ နွား ကောင်ရေ ၂၁ ကောင်မှ ၂၀၀ ကောင်အထိ၊ သိုး၊ ဆိတ် သို့မဟုတ် ဝက် ကောင်ရေ ၁၀၁ ကောင်မှ ၄၀၀ ကောင်အထိ သို့မဟုတ် ကြက်၊ ဘဲ ကောင်ရေ ၃၀၀၁ ကောင်မှ ၅၀၀၀ ကောင်အထိ သတ်ဖြတ်သည့် လုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံ သို့မဟုတ် နေရာကို ဆိုသည်။

(ဃ) **အသေးစားသားသတ်ရုံ** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ထားသည့် လုပ်ငန်း အင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ထားရှိပြီး တစ်ရက်လျှင် ကျွဲ၊ နွား ကောင်ရေ ၁ ကောင်မှ ၂၀ ကောင်အထိ၊ သိုး၊ ဆိတ် သို့မဟုတ် ဝက်ကောင်ရေ ၁ ကောင်မှ ၁၀၀ ကောင်အထိ သို့မဟုတ် ကြက်၊ ဘဲ ကောင်ရေ ၂၀ ကောင်မှ ၃၀၀၀ ကောင်အထိ သတ်ဖြတ်သည့် လုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံ သို့မဟုတ် နေရာကို ဆိုသည်။

(င) **တိရစ္ဆာန်အသေကောင်** ဆိုသည်မှာ သားသတ်ခြင်းလုပ်ငန်းစဉ်နှင့် သွေးထုတ် လုပ်ငန်းစဉ် ပြီးဆုံးသော တိရစ္ဆာန်တစ်ကောင်လုံးကိုဆိုသည်။

(စ) **အသား** ဆိုသည်မှာ လူတို့စားသုံးနိုင်သည့် တိရစ္ဆာန်၏ အစိတ်အပိုင်း တစ်ရပ်ရပ် ကို ဆိုသည်။

(ဆ) **ကိုယ်တွင်းအင်္ဂါ** ဆိုသည်မှာ တိရစ္ဆာန်၏ ခန္ဓာကိုယ်အတွင်းရှိ အသည်း၊ နှလုံး၊ ကျောက်ကပ်၊ အစာအိမ်၊ အူသိမ်အူမ၊ သရက်ရွက်၊ အဆုတ်နှင့် မျိုးပွားအင်္ဂါအစိတ် အပိုင်းများ အားလုံးကို ဆိုသည်။

(ဇ) **တိရစ္ဆာန်ဘေးထွက်ပစ္စည်း** ဆိုသည်မှာ အများပြည်သူစားသုံးရန် မဟုတ်ဘဲ အခြား ကိစ္စရပ်များအတွက် ပြုပြင်ထုတ်လုပ် အသုံးပြုနိုင်သော တိရစ္ဆာန်ထွက်ပစ္စည်းကို ဆိုသည်။

(ဈ) **သားသတ်ခြင်း** ဆိုသည်မှာ တိရစ္ဆာန်တစ်ကောင်အား သတိလစ်မေ့မျောစေခြင်း သို့မဟုတ် သွေးထုတ်ခြင်းဖြင့် သေဆုံးစေနိုင်သည့် လုပ်ငန်းစဉ်တစ်ရပ်ရပ်ကိုဆိုသည်။

(ည) **လတ်ဆတ်သောအသား** ဆိုသည်မှာ ဓာတုဖွဲ့စည်းပုံနှင့် ရုပ်ပိုင်းဆိုင်ရာ မည်သည့်ပြုပြင်ပြောင်းလဲခြင်းမျှ ပြုလုပ်ထားခြင်းမရှိသည့် အသားကိုဆိုသည်။ ယင်းစကားရပ်တွင် အေးခဲအသား၊ အေးထားသောအသား၊ ကြိတ်ထားသောအသားများလည်း ပါဝင်သည်။

(ဋ) **စွန့်ပစ်ပစ္စည်း** ဆိုသည်မှာ အသားထုတ်လုပ်မှု လုပ်ငန်းစဉ်မှ ပြန်လည်အသုံးပြု၍ မရနိုင်သော စွန့်ပစ်ရမည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အမွေး(ဘဲမွေး၊ ကြက်မွေး၊ သိုးမွေးမှအပ)၊ အညစ်အကြေး၊ ဆီး၊ မစင်၊ အရည်အချွဲနှင့် အစာဟောင်းများလည်း ပါဝင်သည်။

**အကြီးစားသားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်သူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၃။ အကြီးစားသားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုလက်မှတ်ရရှိရန် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါအထောက်အထားများ ပူးတွဲလျှောက် ထားရမည်-

(က) လုပ်ငန်း၏တည်နေရာ၊ အဆောက်အအုံ၊ မြေနေရာ အကျယ်အဝန်းနှင့် မြေပိုင်ဆိုင်မှု အထောက်အထား၊

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ် သို့မဟုတ် လိုင်စင်၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊

(ဃ) ဦးစီးဌာန၏ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

၄။ (က) မြို့နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၃ အရ လျှောက်ထားချက်ကို လက်ခံရရှိပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိပါက ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ်ခွဲ (ဂ) အရ လျှောက်ထားချက်ကို လက်ခံရရှိပါက ခွင့်ပြုလက်မှတ် လျှောက်ထားခြင်းကို စိစစ်ပြီးနောက် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။

**တည်နေရာရွေးချယ်ခြင်း**

၅။ အကြီးစားသားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သားသတ်ရုံတည်နေရာအား အောက်ပါအချက်များနှင့်အညီ ရွေးချယ်ဆောင်ရွက်ထားရှိရမည်-

(က) ရေမဝပ်သော၊ မြေပြိုလွယ် မရှိသော နေရာဖြစ်ရမည်။

(ခ) မသန့်ရှင်းသည့် အခိုးအငွေ့၊ အနံ့အသက်၊ အမှုန်အမွှားနှင့် အခြားအညစ်အကြေးများ ထွက်ရှိသော နေရာများနှင့်ဝေးကွာ၍ ပတ်ဝန်းကျင်ကို ထိခိုက်ညစ်ညမ်းမှု မဖြစ်စေနိုင်သော နေရာဖြစ်ရမည်။

(ဂ) သားသတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် သန့်ရှင်းသောရေ လုံလောက်စွာ ရရှိနိုင်သော နေရာဖြစ်ရမည်။

(ဃ) လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောနေရာဖြစ်ရမည်။

(င) လူနေအိမ်များ၊ အဓိကလမ်းမကြီးများ၊ မွေးမြူရေးခြံများ၊ သတ္တုစက်ရုံများ၊ ဓာတုပစ္စည်းစက်ရုံများနှင့် အနည်းဆုံး ၅ ကီလိုမီတာ ကွာဝေးရမည်။

( စ ) လျှပ်စစ်ဓာတ်အား သို့မဟုတ် စွမ်းအင်လုံလောက်စွာ ရရှိနိုင်သော နေရာဖြစ်ရမည်။

(ဆ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိထားသော မြေနေရာဖြစ်ရမည်။

**အဆောက်အအုံများနှင့် ပစ္စည်းကိရိယာတန်ဆာပလာများအတွက် လိုအပ်ချက်များ**

၆။ သားသတ်ရုံဝင်းကို အောက်ပါအတိုင်း စီမံထားရှိရမည်-

(က) လုပ်ငန်းပမာဏအလိုက် မြေနေရာ အကျယ်အဝန်းလုံလောက်စွာ ရှိရမည်။

( ခ ) ခြံစည်းရိုး ခိုင်မာစွာ ကာရံထားရှိရမည်။

( ဂ ) လုံခြုံရေးဂိတ်ထားရှိရမည်။

(ဃ) သားသတ်ရုံပရဝုဏ်အတွင်း အဝင်လမ်းနှင့် အထွက်လမ်းကို သီးခြားဖောက်လုပ်ထားရှိရမည်။

( င ) သားသတ်ရုံပရဝုဏ်အတွင်း ဝင်ရောက်သည့် လူနှင့်ယာဉ်များ အဝင်အထွက် ပိုးသတ်သန့်စင်နိုင်ရန် စီစဉ်ထားရှိရမည်။

( စ ) တိရစ္ဆာန်ကျန်းမာရေး မျက်မြင်စစ်ဆေးနိုင်ရန် စီစဉ်ထားရှိရမည်။

(ဆ) ရေ၊ မီး ပြတ်တောက်မှုမရှိစေရန် စီမံထားရှိရမည်။

( ဇ ) စွန့်ပစ်ရမည့် ပစ္စည်းများအတွက် နေရာသီးသန့်ရှိရမည်။

၇။ သားသတ်ရုံအဆောက်အအုံများကို အောက်ပါအတိုင်း စီမံထားရှိရမည်-

(က) တိရစ္ဆာန်များ ကျန်းမာရေးစစ်ဆေးရန်နှင့် အတင်အချပြုလုပ်ရန် သီးသန့်နေရာထားရှိရမည်။

( ခ ) ဝင်ရောက်လာသော တိရစ္ဆာန်များအတွက် နားနေခန်း ထားရှိရမည်။

( ဂ ) သားသတ်ခြင်း၊ အမွေးခြစ်ခြင်း၊ အရေခွံခွာခြင်း၊ ကလီစာထုတ်ခြင်းနှင့် အသားထုတ်လုပ်ခြင်းများအတွက် သန့်ရှင်းသောနေရာ သီးခြားစီထားရှိရမည်။

(ဃ) အသားနှင့် ကလီစာများ စစ်ဆေးသည့်နေရာတွင် အအေးခန်းထားရှိရမည်။

(င) စစ်ဆေးမည့် ဧရိယာနှင့် ပြုပြင်ထုတ်လုပ်သည့် နေရာတို့တွင် လုံလောက်သော အလင်းရောင်ရှိရမည်။

(စ) သားသတ်ရုံ၏ အဝင်အထွက် နေရာတွင် သီးသန့်အဝတ်လဲခန်း ထားရှိရမည်။

(ဆ) အသားထုတ်လုပ်မှု ပမာဏအလိုက် လုံလောက်သော အကျယ်အဝန်းရှိသည့် အဆောက်အအုံ တည်ဆောက်ထားရှိရမည်။

(ဇ) အခြားအခန်းများမှ ရေနှင့်စွန့်ပစ်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရန် တည်ဆောက်ထားရှိရမည်။

(ဈ) အဆောက်အအုံ၏ အတွင်းနံရံ၊ ကြမ်းပြင်၊ တံခါးနှင့် တံခါးဘောင်များကို ညီညာမာကျောပြီး ရေစိုခံနိုင်သော၊ မပျက်စီးလွယ်သော၊ အဆိပ်မသင့်နိုင်သော၊ ထိခိုက်မှုဒဏ် ခံနိုင်ရည်ရှိသော၊ အလွယ်တကူ ပိုးသတ်သန့်စင်နိုင်သည့် ပစ္စည်းများဖြင့် တည်ဆောက်ထားရှိရမည်။

(ည) နံရံနှင့် ကြမ်းပြင် ဆုံသည့်နေရာတွင် အညစ်အကြေးများ ကပ်ငြိခြင်း မရှိစေရန်နှင့် အလွယ်တကူ သန့်ရှင်းနိုင်စေရန် ထောင့်ကွေးပုံစံ ပြုလုပ်ထားရမည်။

(ဋ) မျက်နှာကျက်ကို အလွယ်တကူ မကွာကျစေရန်၊ တောင့်တင်းခိုင်မာမှုရှိစေရန်၊ သန့်ရှင်းရလွယ်ကူစေရန်၊ ယိုစိမ့်မှု မရှိစေရန် ပြုလုပ်ထားရမည်။

(ဌ) အဆောက်အအုံကို လေဝင်လေထွက်ကောင်းမွန်စေရန်၊ စိုထိုင်းဆ နည်းပါးစေရန်၊ ကြွက်နှင့် အခြားတွင်းအောင်းသတ္တဝါများအပြင် အင်းဆက်ပိုးမွှား၊ ငှက်နှင့် အခြား တိရစ္ဆာန်များ ဝင်ရောက်မှုမရှိစေရန် တည်ဆောက်ထားရမည်။

(ဍ) စွန့်ပစ်ပစ္စည်း အညစ်အကြေးများ အလွယ်တကူ စီးဆင်းနိုင်ရန် ရေနုတ်မြောင်း ပြုလုပ်ထားရမည်။

၈။ တိရစ္ဆာန် အတင်အချပြုလုပ်မည့်နေရာနှင့် တိရစ္ဆာန်များနားနေရန် နေရာများကို အောက်ပါအတိုင်း စီမံထားရှိရမည်-

(က) တိရစ္ဆာန်များကို သက်သောင့်သက်သာစွာနှင့် ညင်သာစွာ (Animal welfare နှင့်အညီ) အတင်အချပြုလုပ်နိုင်ရန် စီစဉ်ထားရမည်။

( ခ ) အတင်အချ ပြုလုပ်မည့် ကြမ်းပြင်အမြင့်ကို သယ်ယူပို့ဆောင်သည့် ယာဉ်၏ ကြမ်းခင်းနှင့် ချိန်ညှိ၍ ပြုလုပ်ရမည်။

( ဂ ) ကြမ်းပြင်ကို ကြာရှည်ခံ၍ ရေစိုခံပြီး ချော်ခြင်းမရှိသော ပစ္စည်းများဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး ရေစီးဆင်းမှု ကောင်းမွန်စေရန် ပြုလုပ်ရမည်။

(ဃ) စွန့်ပစ်ပစ္စည်းအညစ်အကြေးများ အလွယ်တကူစီးဆင်းနိုင်စေရန် ရေနုတ်မြောင်းကို စီမံပြုလုပ်ထားရမည်။

( င ) အမိုးကို ရာသီဥတုဒဏ်မှ ကာကွယ်ရန်နှင့် ကြံ့ခိုင်မှုရှိရန် ပြုလုပ်ရမည်။

( စ ) အလင်းရောင်လုံလောက်စွာရရှိ၍ လေဝင်လေထွက်ကောင်းမွန်ပြီး စိုထိုင်းဆနည်းပါးစေရန် ပြုလုပ်ထားရမည်။

၉။ (က) သားသတ်ရုံရှိ တိရစ္ဆာန်များ ယာယီနားနေခန်းသည် အောက်ပါအချက်များနှင့် ပြည့်စုံ ညီညွတ်ရမည်-

(၁) ခိုင်ခံ့ပြီး လုံလောက်သော အကျယ်အဝန်းရှိရမည်။

(၂) သန့်ရှင်းသော သောက်သုံးရေ အလုံအလောက်ရှိရမည်။

(၃) သန့်ရှင်းရလွယ်ကူစေရန် ရေနုတ်မြောင်းကို ဆင်ခြေလျှောပြုလုပ်ရမည်။

(၄) ယာယီနားနေခန်းနှင့်သားသတ်ခန်းကို ဆက်သွယ်ထားသော လျှောက်လမ်းအား တိရစ္ဆာန် လှည့်လည်၍ မရအောင် ပြုလုပ်ထားရမည်။

(၅) ရာသီဥတုဒဏ်မှ ကာကွယ်ရန်နှင့် ကြံ့ခိုင်မှုရှိရန် ပြုလုပ်ရမည်။

( ခ ) သားသတ်ရုံရှိ တိရစ္ဆာန်သီးသန့်စောင့်ကြည့်ဆောင်ကို အောက်ပါအတိုင်း ဆောက်လုပ်ထားရှိရမည်-

(၁) ယာယီနားနေခန်း၊ ပင်မအဆောက်အအုံတို့နှင့် အဝေးဆုံးအကွာအဝေးတွင် ထားရှိရမည်ဖြစ်ပြီး အခြားအဆောက်အအုံထက် နိမ့်သောနေရာတွင် တည်ဆောက်ရမည်။

(၂) တိရစ္ဆာန်များအတွက် ရာသီဥတုဒဏ်မှ ကာကွယ်ရန် အမိုးကို ခိုင်မာသော ပစ္စည်းများဖြင့် ပြုလုပ်ထားရမည်။

(၃) လေဝင်လေထွက်နှင့် အလင်းရောင် ကောင်းမွန်စွာရရှိစေရန် စီမံထားရှိရမည်။

(၄) သန့်ရှင်းသော သောက်သုံးရေ အလုံအလောက်ရှိရမည်။

(၅) ရေသောက်ရန်နှင့် အစာစားရန်နေရာများကို သန့်ရှင်းရလွယ်ကူစေရန် ရေနုတ်မြောင်းကို အလျောပြုလုပ်ထားရမည်။

(၆) သန့်ရှင်းခြင်းနှင့် ပိုးသတ်သန့်စင်ခြင်းတို့ပြုလုပ်ရာတွင် လွယ်ကူစေရန် ကြမ်းပြင်ကို ရေစိုခံပစ္စည်းဖြင့် ခိုင်မာစွာ ပြုလုပ်ရမည်ဖြစ်ပြီး၊ မချော်ရန်နှင့် ရေစီးဆင်းစေရန် ပြုလုပ်ထားရမည်။

(၇) စွန့်ပစ်ပစ္စည်းအညစ်အကြေးများ အလွယ်တကူ စီးဆင်းနိုင်စေရန် ရေနုတ်မြောင်းကို စီမံပြုလုပ်ထားရမည်။

၁၀။ သားသတ်ခန်းကို အောက်ပါအတိုင်း ဆောက်လုပ်ထားရှိရမည်-

(က) အသားထုတ်လုပ်မည့် အရေအတွက်အပေါ် မူတည်၍ လုံလောက်သော အကျယ်အဝန်းဖြင့် တည်ဆောက်ထားရမည်။

(ခ) အခြားအခန်းများမှ ရေနှင့် စွန့်ပစ်အညစ်အကြေးများ သားသတ်ခန်းအတွင်းသို့ ဝင်ရောက်မှု မရှိစေရန် တည်ဆောက်ထားရမည်။

(ဂ) အခန်းကြမ်းပြင်၊ နံရံတို့နှင့် သတ်ပြီးသော တိရစ္ဆာန်အသေကောင် ထိစပ်ခြင်း မရှိစေရန် တိရစ္ဆာန်အသေကောင်ချိတ်ဆွဲသည့် ချိတ်များ စီမံထားရှိရမည်။

(ဃ) ထုတ်လုပ်မည့် အသား၏ အပူချိန်ကို အမြင့်ဆုံး ၄ ဒီဂရီ စင်တီဂရိတ်အထိ ထိန်းညှိပေးနိုင်ရန် အအေးပေးစနစ် (Chiller Facility) တပ်ဆင်ထားရမည်။

(င) အခန်းအပူချိန်ကို အလွယ်တကူသိရှိနိုင်ရန် သာမိုမီတာ သို့မဟုတ် အပူချိန်မှတ်ကိရိယာ တပ်ဆင်ထားရမည်။

၁၁။ အသုံးမပြုနိုင်သော တိရစ္ဆာန် ဘေးထွက်ပစ္စည်းများစွန့်ပစ်ခြင်းအတွက် အောက်ပါအတိုင်း စီမံထားရှိရမည်-

(က) စွန့်ပစ်ပစ္စည်းထားရှိမည့် နေရာသည် သားသတ်ရုံနှင့် ဝေးကွာရမည်။

(ခ) ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များနှင့်အညီ အလွယ်တကူ စစ်ဆေးနိုင်ရန်နှင့် အနံ့ဆိုးများ မထွက်ရှိစေရန် ဒီဇိုင်း ပြုလုပ်ထားရှိရမည်။

(ဂ) ထွက်ရှိသည့် စွန့်ပစ်ပစ္စည်း ပမာဏအလိုက် ဝင်ဆံ့နိုင်သော အကျယ်အဝန်း ရှိရမည်။

(ဃ) ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုများနှင့် ပြည်သူ့ကျန်းမာရေးကို ထိခိုက်မှုမရှိစေရန် အသုံးမပြုနိုင်သော တိရစ္ဆာန်ဘေးထွက်ပစ္စည်းများကို သေချာစွာစွန့်ပစ်ရမည်။

၁၂။ သားသတ်ရုံတွင် လတ်ဆတ်သောအသားနှင့် အေးခဲအသားများထုတ်လုပ်ရန် အောက်ပါအတိုင်း စီမံထားရှိရမည်-

(က) အသားဖြတ်ခြင်းနှင့် အရိုးထုတ်ခြင်းပြုလုပ်သော အခန်းနှင့်စပ်လျဉ်း၍-

(၁) အခန်းအကျယ်အဝန်းသည် ထုတ်လုပ်မည့် အသားပမာဏအလိုက် သင့်လျော်သော အတိုင်းအတာ ရှိရမည်ဖြစ်ပြီး ပိုးသတ်သန့်စင်ရန်နှင့် သန့်ရှင်းရေးပြုလုပ်ရန် လွယ်ကူသော ပုံစံဖြစ်ရမည်။

(၂) အခန်းအတွင်း အလင်းရောင် လုံလောက်စွာ ရရှိရန် စီမံထားရှိရမည်။

(၃) အပူချိန် ရုတ်တရက် အတက်အကျ မဖြစ်ပေါ်စေရန် စီမံထားရမည်။

(ခ) အသားအေးခဲခန်း( Air Blast Freezer)တွင် အသားအပူချိန်ကို အနှုတ် ၁၈ ဒီဂရီ စင်တီဂရိတ်သို့ ရောက်ရှိရန် အအေးပေးစက်ကို တပ်ဆင်ချိန်ညှိထားရမည်။ (အသားအမျိုးအစားအလိုက် အအေးပေးကြာချိန် ကွာခြားသည်)

(ဂ) အအေးခန်း (Chiller/ Refrigerator)သည် အသားများ၏ အပူချိန်ကို အမြင့်ဆုံး ၄ ဒီဂရီ စင်ဒီဂရိတ်အထိ ထိန်းသိမ်းနိုင်ရမည်။

(ဃ) အေးခဲအသား သိုလှောင်ရုံ

(၁) သိုလှောင်ရုံသည် အေးခဲအသားအပူချိန် အနှုတ် ၁၈ ဒီဂရီ စင်တီဂရိတ်တွင် ထိန်းသိမ်းထားနိုင်ရမည်။

(၂) အခန်းအပူချိန်ကို အလွယ်တကူသိရှိနိုင်ရန် သာမိုမီတာ သို့မဟုတ် အပူချိန်မှတ်ကိရိယာ တပ်ဆင်ထားရမည်။

၁၃။ သားသတ်ရုံတွင် အသုံးပြုမည့် ပစ္စည်းကိရိယာတန်ဆာပလာများ (Slaughterhouse and Meat Cutting Plant Equipment Requirements) သည် အောက်ပါအချက်များနှင့် ညီညွတ်ရမည်-

(က) ပစ္စည်းကိရိယာများ အားလုံးသည် အလွယ်တကူ ထိန်းသိမ်းထားနိုင်သော၊ ပိုးသတ် သန့်စင်နိုင်သော၊ အလွယ်တကူ မပျက်စီးနိုင်သော ပစ္စည်းများ ဖြစ်ရမည်။

(ခ) အသားခြမ်း၊ အသား၊ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများနှင့် တိုက်ရိုက်ထိတွေ့သော ပစ္စည်းကိရိယာများအားလုံးကို အလွယ်တကူ မပျက်စီးနိုင်သော၊ ကြာရှည်အသုံးခံသော၊ ဆေးသုတ်မထားသော၊ အလွယ်တကူ ပိုးသတ်သန့်စင်နိုင်သော ပစ္စည်းများဖြင့် ပြုလုပ်ထားရမည်။ (သစ်သားနှင့် အလွယ်တကူပျက်စီးစေ နိုင်သော၊ အဆိပ်သင့်စေသော အခြားပစ္စည်းများဖြင့် မပြုလုပ်ရ)

(ဂ) အသားခြမ်း၊ အသား၊ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများနှင့် တိုက်ရိုက်ထိတွေ့ အသုံးပြုသောပစ္စည်းကိရိယာများတွင် အသုံးပြုသည့် ချောဆီများသည် ဘေးအန္တရာယ်ကင်းရှင်းသော ပစ္စည်းအမျိုးအစားဖြစ်ရမည်။

(ဃ) အခန်းနှင့်အသုံးအဆောင်ပစ္စည်းများကို သန့်ရှင်းခြင်းနှင့် ပိုးသတ်ခြင်းလုပ်ငန်းစဉ်များအတိုင်း ထိရောက်စွာဆောင်ရွက်နိုင်ရန် ပစ္စည်းကိရိယာများ လုံလောက်စွာ ရှိရမည်။

၁၄။ အကြီးစားသားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုလက်မှတ်ရရှိသူသည် လုပ်ငန်းလုပ်ဆောင်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်များ လက်ခံခြင်း

(၁) တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် ပါရှိခြင်း ရှိ မရှိ စစ်ဆေး၍ မှတ်တမ်းများထားရှိရမည်။

(၂) သားသတ်ရုံသို့ တိရစ္ဆာန်များရောက်ရှိလျှင် သယ်ဆောင်လာသည့်ယာဉ်ပေါ်မှ အမြန်ဆုံးချ၍ နားနေခန်းတွင် ထားရှိရမည်။

(၃) တိရစ္ဆာန်များကို သယ်ဆောင်လာသည့်ယာဉ်ပေါ်မှချရာတွင် ထိခိုက်ဒဏ်ရာရခြင်း၊ ရာသီဥတုဒဏ်တို့မှ ကာကွယ်ပေးနိုင်ရန် လုပ်ဆောင်ထားရမည်။

(၄) တိရစ္ဆာန်သယ်ဆောင်သည့် ယာဉ်နှင့် ဆက်စပ်အသုံးဆောင်ပစ္စည်းများကို သန့်ရှင်းခြင်းနှင့် ပိုးသတ်ခြင်းများကို ပြုလုပ်ရမည်ဖြစ်ပြီး တိရစ္ဆာန်အညစ်အကြေးများ၊ အခင်းများကို ချက်ချင်းဆေးကြောခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ပြုလုပ်ရမည်။

(ခ) နားနေခန်းတွင် တိရစ္ဆာန်များကို ကိုင်တွယ်ခြင်း

(၁) ရောက်ရှိလာသည့် တိရစ္ဆာန်များ၏ အမျိုးအစားနှင့် အရွယ်အစားပေါ် မူတည်၍ ခွဲခြားထားရှိရမည်။

(၂) ဒဏ်ရာရရှိသော တိရစ္ဆာန်များကို နားနေခန်းတွင် မထားရှိဘဲ သားသတ်ရုံသို့ ချက်ချင်း ပို့ရမည်။

(၃) ဖျားနာနေသော တိရစ္ဆာန်များကို သီးခြားဆောင်တွင် ခွဲခြားထားရှိရမည်။

(၄) ရောဂါဖြင့် သေဆုံးသော တိရစ္ဆာန်များကို အစာကွင်းဆက်အတွင်း ပါဝင်မှု မရှိစေရန် စနစ်တကျ စွန့်ပစ်ရမည်။

(၅) တိရစ္ဆာန်များကို တမင်နှောက်ယှက်ခြင်းနှင့် နှိပ်စက်ခြင်းတို့မှ ရှောင်ကြဉ်ရမည်။

(၆) တိရစ္ဆာန်များ သောက်သုံးရန် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ထားရှိရမည်။

(၇) တိရစ္ဆာန်များကို မသတ်ဖြတ်မီ နားနေဆောင်တွင် ၁၂ နာရီကျော် ထားရှိရမည်ဆိုပါက သင့်လျော်သော အစာကို လုံလောက်စွာ ကျွေးရမည်။

(၈) တိရစ္ဆာန်များကို သက်သောင့်သက်သာစွာ နေထိုင် စားသောက်နိုင်အောင် ဆောင်ရွက်ထားရမည်။

(ဂ) တိရစ္ဆာန်ကို သတ်ဖြတ်ခြင်းနှင့်စပ်လျဉ်း၍-

(၁) သတ်ဖြတ်မည့် တိရစ္ဆာန်အမျိုးအစားအလိုက် လိုအပ်သော အနားယူချိန်ကို သတ်မှတ်ပြီးမှ သတ်ဖြတ်ရမည်။

(၂) ၁၂ နာရီအတွင်း သတ်ဖြတ်မည့် တိရစ္ဆာန်များကို အစာကျွေးခြင်းမပြုရ။

(၃) တိရစ္ဆာန်အား မသတ်မီ ၂၄ နာရီအတွင်း ကျန်းမာရေးစစ်ဆေးရမည်။

(၄) တိရစ္ဆာန်ကို သတိလစ်မေ့မျောစေရန် ဆောင်ရွက်ပြီးမှဖြစ်စေ၊ သွေးထုတ်ခြင်းဖြင့်ဖြစ်စေ သတ်ဖြတ်နိုင်သည်။

(၅) သတ်ဖြတ်ပြီးသည့် တိရစ္ဆာန်အသေကောင်ကို ချိတ်များဖြင့် ချိတ်ဆွဲထားရမည်။

(၆) သတ်ဖြတ်သည့်တိရစ္ဆာန် သေဆုံးသည်ဟု အတည်ပြုပြီးမှသာ ရေနွေးဖျောခြင်း၊ အမွေးခြစ်ခြင်း၊ အမွေးနှုတ်ခြင်း၊ အရေခွံခွာခြင်းနှင့် ကိုယ်တွင်းအင်္ဂါများ ဖယ်ရှားခြင်းတို့ကို လိုအပ်သလို လုပ်ဆောင်ရမည်။

(၇) တိရစ္ဆာန်အား သတ်ဖြတ်ပြီးပါက အသား၊ ဦးခေါင်း၊ ကိုယ်တွင်းအင်္ဂါများကို လူများစားသုံးရန် သင့် မသင့် ဦးစီးဌာနရှိ တိရစ္ဆာန်ဆေးကုဆရာဝန်၏ စစ်ဆေးမှုကို ခံယူရမည်။

(၈) တိရစ္ဆာန် ကိုယ်တွင်းအင်္ဂါများနှင့် အသားခြမ်း၊ အသားများကို သီးခြားစီ ကိုင်တွယ်ရမည်။

(၉) အသားခြမ်းနှင့် အသားများကို သီးသန့်အခန်းတွင်ထားရှိရမည်။

(၁၀) တိရစ္ဆာန်အသားခြမ်းနှင့်အသားများကို ကိုင်တွယ်လှီးဖြတ်သည့်အလုပ်သမားနှင့် တိရစ္ဆာန်ကိုယ်တွင်းအင်္ဂါများကို ကိုင်တွယ်လှီးဖြတ်သည့် အလုပ်သမား မတူစေရ၊ အသုံးပြုသော ပစ္စည်းကိရိယာများလည်း မတူစေရ။

(၁၁) ဖြန့်ဖြူးရောင်းချမည့် အသားခြမ်းနှင့်အသားများကို အသားအပူချိန် ၄ ဒီဂရီ စင်တီဂရိတ်ရှိသည့် အအေးပေးစနစ်ဖြင့် ထားရှိရမည်။

(၁၂) အေးခဲအသားပုံစံဖြင့် ဖြန့်ဖြူးရောင်းချမည့် အသားခြမ်းနှင့် အသားများကို အသားအပူချိန် အနှုတ် ၁၈ ဒီဂရီစင်တီဂရိတ်ရှိသည့် အအေးပေးစနစ်ဖြင့် ထားရှိရမည်။

(၁၃) အသားခြမ်း၊ အသားများကို အသားအပူချိန် ထိန်းသိမ်းနိုင်သော အအေးခန်း သိုလှောင်ရုံပါသည့် ယာဉ်ဖြင့်သာ သယ်ယူပို့ဆောင်ရမည်။

(ဃ) ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားခြင်း

(၁) သားသတ်ရုံတွင် လိုအပ်သော လျှပ်စစ်၊ အဆောက်အအုံနှင့် စက်ကိရိယာ၊ သန့်ရှင်းသောရေရရှိရေး၊ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်း၊ အသားစစ်ဆေးခြင်းစသည့် ပညာရပ်ပိုင်းဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ကျွမ်းကျင်သူ တာဝန်ခံပုဂ္ဂိုလ် အနည်းဆုံး တစ်ဦးစီ ခန့်ထားရမည်။

(၂) တာဝန်ခံပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်နှင့် လုပ်သားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆောင်ရွက်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် စပ်လျဉ်းသည့် အသားအရည်အသွေးနှင့် ဘေးကင်းလုံခြုံရေးတို့အတွက် အကောင်အထည်ဖော်ခြင်းတို့ကို တာဝန်ခံဆောင်ရွက်ရမည်။

(၃) တာဝန်ခံပုဂ္ဂိုလ်များအပြင် ကွန်ပျူတာ၊ ငွေစာရင်းစသည့် ရုံးပိုင်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်း ခန့်ထားရမည်။”

(င) တစ်ကိုယ်ရည်သန့်ရှင်းခြင်းနှင့်စပ်လျဉ်း၍-

(၁) အသားများကို ကိုင်တွယ်ရသော အလုပ်သမားများသည် တီဘီရောဂါ (TUBERTULOSIS)၊ အသဲရောင်အသားဝါရောဂါ(HEPATITIS)၊ အူရောင်ငန်းဖျားရောဂါ(TYPHOID)၊ ကိုဗစ်-၁၉ရောဂါ(COVID-19)၊ အရေပြားရောဂါ (SKIN DISEASES) စသည့် ကူးစက်ရောဂါ(INFECTIOUS DISEASES) များကင်းစင်ပြီး ကျန်းမာရေးကောင်းမွန်ရမည့်အပြင် အနည်းဆုံး တစ်နှစ်

တစ်ကြိမ် ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ရမည်။လိုအပ်သောကာကွယ်ဆေးများ ထိုးနှံပြီးဖြစ်ရမည်။

(၂) လုပ်ငန်းများ လုပ်ဆောင်ချိန်အတွင်း ခေါင်းစွပ်၊ လုပ်ငန်းခွင်သုံးဝတ်စုံ၊ လည်ရှည်ဖိနပ် အစရှိသည့် တစ်ကိုယ်ရေ အကာအကွယ်သုံး ပစ္စည်းများကို ဝတ်ဆင်ရမည်။ လက်ဝတ်တန်ဆာများ ဝတ်ဆင်ခြင်း မပြုရ။

(၃) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအား မကိုင်တွယ်မီ၊ ကိုင်တွယ်စဉ်နှင့် ကိုင်တွယ်ပြီးတိုင်း လက်ကို ဆပ်ပြာ သို့မဟုတ် လက်သန့်စင် ဆေးရည်တို့ဖြင့် ဆေးကြောသန့်စင်ရမည်။

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို တိုက်ရိုက်ကိုင်တွယ်သော အလုပ်သမားများတွင် ထိခိုက်ဒဏ်ရာ ရရှိပါက အလုပ်လုပ်ခြင်းမှ အနားယူခိုင်းပြီး ဒဏ်ရာသက်သာပျောက်ကင်းမှသာ လုပ်ငန်းခွင်သို့ ပြန်လည် ဝင်ရောက်စေရမည်။

(၅) သားသတ်ရုံနှင့် အသားဖြတ်ရုံ၏ အဓိကအဆောက်အအုံအတွင်း အစားအသောက်များစားသုံးခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ တံတွေးထွေးခြင်း၊ အရက်သေစာသောက်စားခြင်းစသည့် အပြုအမူတို့ကို မပြုလုပ်စေရ။

(၆) ဝန်ထမ်းများအားလုံးကို တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပိုးသတ်သန့်စင်ခြင်းဆိုင်ရာ ပညာပေးသင်တန်းများ တက်ရောက်စေရမည်။

(စ) ပိုးသတ်သန့်စင်ခြင်း နှင့်စပ်လျဉ်း၍-

(၁) သားသတ်ရုံ၏ အဓိကအဆောက်အအုံရှိ ဝင်ပေါက် ထွက်ပေါက်တိုင်းတွင် လုပ်ငန်းသုံး ဖိနပ်နှင့် သန့်ရှင်းရန် ပိုးသတ်သန့်စင်သည့်စနစ် ပြည့်စုံရမည်။

(၂) လက်သန့်ရှင်းရေးပြုလုပ်ရန် အလိုအလျောက်သန့်စင်စက်တွင် ရေ၊ ဆပ်ပြာ၊ လက်အခြောက်ခံစက်နှင့် ပိုးသတ်ဆေးပါဝင်ရမည်။

(၃) သားသတ်ရုံတွင် အသုံးပြုမည့်၊ အသုံးအဆောင်ပစ္စည်း၊ ကိရိယာတန်ဆာပလာတို့ကို ပိုးသတ်သန့်စင်ရန် အနည်းဆုံးအပူချိန် ၈၂ ဒီဂရီ စင်တီဂရိတ်ရှိသည့် ရေပူဖြင့် ဆေးကြောသန့်စင်ရမည်။

(၄) အသုံးပြုမည့်ရေ၏ အရည်အသွေးကို အသိအမှတ်ပြု ဓာတ်ခွဲခန်းတွင် အနည်းဆုံး တစ်နှစ်တစ်ကြိမ် စမ်းသပ်စစ်ဆေးရမည်။

(၅) ဥပဒေနှင့်အညီ တရားဝင်ခွင့်ပြုထားသော ဓာတုပစ္စည်းများနှင့် ပိုးသတ်သန့်စင်ပစ္စည်းများကိုသာ အသုံးပြုရမည်။

(၆) သတ်ဖြတ်ခြင်း၊ သားသတ်ပြီးသော အသေကောင်၊ အသားခြမ်း၊ အသားနှင့် ကိုယ်တွင်းအင်္ဂါများကို ကိုင်တွယ်ပြီးသည့် လုပ်ငန်းစဉ်တိုင်းတွင် သန့်ရှင်းခြင်းနှင့် ပိုးသတ်သန့်စင်ခြင်းကို စေ့စပ်သေချာစွာ ဆောင်ရွက်ရမည်။

(၇) သားသတ်ရုံအတွင်းရှိ အဓိကအဆောက်အအုံ ပတ်ဝန်းကျင်နှင့် အသားဖြတ်ရုံ ပတ်ဝန်းကျင်အပါအဝင် သားသတ်ရုံ သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း ပရဝုဏ်အတွင်း-

(ကက) ပုံမှန် သန့်ရှင်းရေးပြုလုပ်ရမည်။

(ခခ) အစာအကြွင်းအကျန်များ၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များ မရှိစေရန် အမြဲတမ်းသန့်ရှင်းနေရမည်။

(ဂဂ) သားသတ်ရုံ ပရဝုဏ်တွင် စိမ်းလန်းစိုပြေ စေရန်အတွက် အရိပ်ရပင်များ၊ပန်းအလှပင်များစိုက်ပျိုးခြင်း၊သတ်ဖြတ်ရန် ၁၂ နာရီကျော်ထားရှိမည့်တိရစ္ဆာန်များအားကျွေးရန်အတွက် တိရစ္ဆာန်အစာပင်များ စိုက်ပျိုးထားရှိရမည်။

(ဃဃ) လိုအပ်သော နေရာများတွင် ယာယီအမှိုက်ပုံးများ စီစဉ်ထားရှိ ရမည်။

၁၅။ အကြီးစားသားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ခ) သတ်ဖြတ်မည့် တိရစ္ဆာန်များကို ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သယ်ဆောင်ရမည်။

(ဂ) ဦးစီးဌာန၏ တိရစ္ဆာန်ဆေးကုဆရာဝန်မှ ကျန်းမာရေးစစ်ဆေးပြီး သတ်ဖြတ်ရန် ခွင့်ပြုချက်ရရှိသော တိရစ္ဆာန်များကိုသာ သတ်ဖြတ်ရမည်။

(ဃ) သတ်ဖြတ်မည့် တိရစ္ဆာန်နှင့် သတ်ဖြတ်ပြီး ထွက်ရှိလာသည့် တိရစ္ဆာန်ထွက်ပစ္စည်းများတွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ်လက္ခဏာများစစ်ဆေးတွေ့ရှိရပါက ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သတ်ဖြတ်ပြီး ရရှိလာသည့် အသားစစ်ဆေးခြင်းတို့အတွက် အခကြေးငွေပေးသွင်းခြင်းကို ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်၍ မှတ်တမ်းထားရှိရမည်။

၁၆။ အကြီးစားသားသတ်ရုံတည် ထောင်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် ရရှိသူသည် အပိုဒ် ၁၄ နှင့် ၁၅ ပါ အချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်။

**အလတ်စားသားသတ်ရုံ သို့မဟုတ် အသေးစားသားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်သူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၁၇။ အလတ်စားသားသတ်ရုံ သို့မဟုတ် အသေးစားသားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အပိုဒ် ၂၁ ပါ အချက်များနှင့်အညီ ဆောင်ရွက်ပြီး ခွင့်ပြုလက်မှတ် ရရှိရန် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါအထောက်အထားများ ပူးတွဲလျှောက်ထားရမည်-

(က) လုပ်ငန်း၏ တည်နေရာ၊ အဆောက် အအုံနှင့် မြေနေရာအခင်းအကျင်း အတိုင်းအတာ အကျယ်အဝန်းနှင့် မြေပိုင်ဆိုင်မှု အထောက်အထား၊

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ် သို့မဟုတ် လိုင်စင်၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊

(င) ဦးစီးဌာန၏ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

၁၈။ မြို့နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၁၇ အရ လျှောက်ထားချက်ကို လက်ခံရရှိပါက သတ်မှတ်ချက်များနှင့်အညီစိစစ်၍ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၁၉။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၁၈ အရ တင်ပြချက်ကို လက်ခံရရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အသေးစား သားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်းအတွက် လျှောက်ထားခြင်း ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။

(ခ) အကြီးစား သားသတ်ရုံ တည်ထောင်ခြင်း လုပ်ငန်းအတွက် လျှောက်ထားခြင်း ဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြ ရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည် အပိုဒ် ၁၉ အရ တင်ပြချက်ကို လက်ခံရရှိပါက ခွင့်ပြုလက်မှတ် လျှောက်ထားခြင်းကို စိစစ်ပြီးနောက် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ထားသည့် အခကြေးငွေကိုပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။

**လုပ်ငန်း၏ အင်္ဂါရပ်များ**

၂၁။ အလတ်စားသားသတ်ရုံ သို့မဟုတ် အသေးစားသားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သားသတ်ရုံကို အောက်ပါအတိုင်း စီမံထားရှိရမည် -

(က) လူနေအိမ်များ၊ အဓိကလမ်းမကြီးများ၊ မွေးမြူရေးခြံများ၊ သတ္တုစက်ရုံများ၊ ဓာတုပစ္စည်းစက်ရုံများနှင့် အနည်းဆုံး ၅ ကီလိုမီတာဝေးကွာ၍ ရေမဝပ်သော၊ မြေပြိုလေ့မရှိသော၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော၊ သန့်ရှင်းသောရေနှင့်

လျှပ်စစ်ဓာတ်အား သို့မဟုတ် စွမ်းအင်လုံလောက်စွာ ရရှိနိုင်သော၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိထားသော မြေနေရာတွင် ရွေးချယ်၍ တည်ဆောက်ထားရှိရမည်။

(ခ) လုပ်ငန်းပမာဏအလိုက် မြေနေရာ အကျယ်အဝန်း လုံလောက်စွာ ရှိရမည်။

(ဂ) သားသတ်ရုံဝင်းကို ခြံစည်းရိုး ခိုင်မာစွာ ကာရံထားရှိရမည်။

(ဃ) သားသတ်ရုံပရဝုဏ်အတွင်း အဝင်လမ်းနှင့် အထွက်လမ်းကို သီးခြားဖောက်လုပ်ထားရှိရမည်။

(င) ဝင်ပေါက် ထွက်ပေါက်နေရာများတွင် ပိုးသတ်ဆေးကန်နှင့် ပိုးသတ်ဆေးဖြန်းစနစ်ထားရှိရမည်။

(စ) တိရစ္ဆာန်များ ကျန်းမာရေးစစ်ဆေးရန်နှင့် အတင်အချပြုလုပ်ရန် သီးသန့်နေရာထားရှိရမည်။

(ဆ) ဝင်ရောက်လာသော တိရစ္ဆာန်များအတွက် နားနေဆောင်ထားရှိရမည်။

(ဇ) သားသတ်ခြင်း၊ အမွေးခြစ်ခြင်း၊ အရေခွံခွာခြင်းနှင့် ကလီစာထုတ်ခြင်းများအတွက် သီးသန့်နေရာထားရှိရမည်။

(ဈ) အသားထုတ်လုပ်ရန် သန့်ရှင်းသော သီးသန့်နေရာထားရှိရမည်။

(ည) အသားနှင့် ကလီစာများ စစ်ဆေးရန်အတွက် နေရာ ထားရှိရမည်။

(ဋ) အသားထုတ်လုပ်နိုင်သော ပမာဏအလိုက် လုံလောက်သော အကျယ်အဝန်းရှိသည့် အဆောက်အအုံ တည်ဆောက်ထားရှိရမည်။

(ဌ) ထုတ်လုပ်သည့် အသားအပူချိန်ကို ထိန်းသိမ်းနိုင်ရန် စီမံထားရှိရမည်။

(ဍ) အဆောက်အအုံ၏ အတွင်းနံရံနှင့် ကြမ်းပြင်တို့ကို အလွယ်တကူ ပိုးသတ်သန့်စင်နိုင်ရန် တည်ဆောက်ထားရှိရမည်။

(ဎ) အဆောက်အအုံအတွင်း ကြွက်နှင့် အခြားတွင်းအောင်းသတ္တဝါများအပြင် အင်းဆက်၊ ပိုးမွှား၊ ငှက်နှင့် အခြားတိရစ္ဆာန်များ ဝင်ရောက်မှုမရှိအောင် စီမံထားရှိရမည်။

(ဏ) လုပ်ငန်းသုံးပစ္စည်းကိရိယာများကို ပိုးသတ်သန့်စင်နိုင်ရန် စီမံထားရှိရမည်။

(တ) စွန့်ပစ်ပစ္စည်းနှင့် အညစ်အကြေးများကို စွန့်ပစ်ရန် နေရာသီးသန့်ရှိရမည်။

**လိုက်နာရမည့် စည်းကမ်းချက်များ**

၂၂။ သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုလက်မှတ် ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သားသတ်ရုံ တည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) သတ်ဖြတ်မည့် တိရစ္ဆာန်များကို ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သယ်ဆောင်ရမည်။

(ဃ) ဦးစီးဌာနရှိ တိရစ္ဆာန်ဆေးကုဆရာဝန်မှ ကျန်းမာရေးစစ်ဆေးပြီး သတ်ဖြတ်ရန် ခွင့်ပြုချက်ရရှိသော တိရစ္ဆာန်များကိုသာ သတ်ဖြတ်ရမည်။

(င) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သော လုပ်သားများကိုသာ ခန့်ထားရမည်။

(စ) လုပ်သားများကို ကျွမ်းကျင်မှုအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးရမည်။

(ဆ) လုပ်သားများအား လုပ်ငန်းသုံးဝတ်စုံ ဝတ်ဆင်စေရမည်။

(ဇ) သတ်ဖြတ်မည့် တိရစ္ဆာန်နှင့် သတ်ဖြတ်ပြီး ထွက်ရှိလာသည့် တိရစ္ဆာန်ထွက်ပစ္စည်းများတွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဈ) သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သတ်ဖြတ်ပြီး ရရှိလာသည့် အသားစစ်ဆေးခြင်းတို့အတွက် အခကြေးငွေပေးသွင်းခြင်းကို ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ည) ထုတ်လုပ်မှု မှတ်တမ်းများ စနစ်တကျထားရှိရမည်။

၂၃။ အလတ်စားသားသတ်ရုံ သို့မဟုတ် အသေးစားသားသတ်ရုံ တည် ထောင်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် ရရှိသူသည် အပိုဒ် ၂၂ ပါ အချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဥပဒေအရ အရေးယူ ခြင်းခံရမည်။

**ဦးစီးဌာနမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၂၄။ ဦးစီးဌာနမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုလက်မှတ်ရရှိရန် လုပ်ငန်းရှင်မှ လျှောက်ထားလာမှုကို သတ်မှတ်ချက်များနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်လက်ခံခြင်း၊

(ခ) သားသတ်ရုံသည် သတ်မှတ်အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခြင်း၊

(ဂ) သတ်မှတ်အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်ပါက စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊

(ဃ) သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးစစ်ဆေးခြင်း၊

(င) သတ်ဖြတ်ပြီးသော တိရစ္ဆာန်၏ အသားနှင့် အစိတ်အပိုင်း တစ်ခုခုတွင် ကူးစက်ရောဂါနှင့် စားသုံးသူ အများပြည်သူတို့အား ဘေးအန္တရာယ် ဖြစ်စေနိုင်သည့် ရောဂါကင်းရှင်းမှု ရှိ မရှိ စစ်ဆေးခြင်း၊

(စ) ကူးစက်ရောဂါနှင့် ဘေးအန္တရာယ် ဖြစ်စေနိုင်သော ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း။

ပုံ

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စာအမှတ်၊ ၂/၀၁/၁၀၀၀(စ)(၇၈၁ /၂၀၂၄)
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

ဤဝန်ကြီးဌာနရှိ ဦးစီးဌာန/ တက္ကသိုလ်အားလုံး(                                        )

အမိန့်အရ

လှထွန်း

ဒုတိယအမြဲတမ်းအတွင်းဝန်